# ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ - ၂၀၂၅ (တက္ကသိုလ်အဆင့်)
# ပြိုင်ပွဲဆိုင်ရာ အချက်အလက်များ

## ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်

၁။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာများ တိုးတက်လာစေရန်၊ ကျောင်းသားများအနေဖြင့် လက်ရှိ ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်၍ ဝေဖန်ပိုင်းခြားတွေးခေါ်မှု တိုးတက်လာစေရေး တွန်းအား ပေးရန်၊ ကျောင်းသားများ၏ အရည်အသွေးနှင့် အရည်အချင်းများကို ပြသရန်၊ တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအား မြှင့်တင်နိုင်စေရန်နှင့် ပြိုင်ပွဲတွင် ပထမဆု ရရှိသော ဗီဒီယိုဖိုင်အား ASEAN-JAPAN Cybersecurity Awareness Video Competition-2025 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားရန်။

## ဆုချီးမြှင့်ခြင်း

၂။ ဆုပေးပွဲအခမ်းအနားအား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ရုံးအမှတ်(၂)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ချီးမြှင့်မည့်ဆုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပထမဆု - ငွေကျပ် (၁၅) သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

( ခ ) ဒုတိယဆု - ငွေကျပ် (၁၀) သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

( ဂ ) တတိယဆု - ငွေကျပ် (၇) သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

(ဃ) နှစ်သိမ့်ဆု - ငွေကျပ် (၃) သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

( င ) နှစ်သိမ့်ဆု - ငွေကျပ် (၃) သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

၃။ ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်အား ဘရူနိုင်းနိုင်ငံ၊ Cyber Security Brunei က ကျင်းပပြုလုပ်မည့် ASEAN-JAPAN Cybersecurity Awareness Video Competition (2025) ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်မည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် ဆုရရှိပါက ပထမဆုအတွက် အမေရိကန်ဒေါ်လာ ၂,၀၀၀၊ ဒုတိယဆု အတွက် အမေရိကန် ဒေါ်လာ ၁,၅၀၀ နှင့် တတိယဆုအတွက် အမေရိကန်ဒေါ်လာ ၁,၀၀၀ အသီးသီး ချီးမြှင့်သွားမည်ဖြစ်ပါသည်။

**ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသူများ**

၄။ ပြိုင်ပွဲဝင်များအနေဖြင့် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရပါမည်-

(က) ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား/သူသည် ၃၁-၈-၂၀၂၅ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးစေရ။

( ဂ ) မြန်မာနိုင်ငံရှိ တက္ကသိုလ် တစ်ခုခုတွင် လက်ရှိပညာသင်ကြားနေဆဲဖြစ်ရမည်။

(ဃ) အထက်ပါအချက်များနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်သူမှ ခံဝန်ကတိလွှာရေးထိုးရမည်ဖြစ်ပြီး ယင်းခံဝန်ကတိလွှာအား သက်ဆိုင်ရာကျောင်းတာဝန်ရှိသူမှ အတည်ပြု ထောက်ခံပေးရမည်။

**ပြိုင်ပွဲတွင် ရွေးချယ်နိုင်သော အကြောင်းအရာ (Suggested Themes)**

၅။ ပြိုင်ပွဲဝင်တစ်ဦးသည် ခေါင်းစဉ်တစ်ခုသာ ယှဉ်ပြိုင်ခွင့်ရှိပြီး အောက်ပါအကြံပြုထားသော အကြောင်းအရာ ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည် -

(က) Protecting personal information online

( ခ ) Creating strong, secure passwords

( ဂ ) Recognizing and avoiding phishing scams

(ဃ) Child online safety

( င ) Social media safety

( စ ) Protecting yourself against online scams

မှတ်ချက်။ ဖော်ပြထားသော အကြံပြုခေါင်းစဉ်များအပြင် အခြားဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခေါင်းစဉ်များကိုလည်း ရိုက်ကူးတင်ဆက်နိုင်ပါသည်။

**ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်များအတွက် စည်းကမ်းချက်များ**

၆။ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်တစ်ခုအတွက် ကိုယ်တိုင်ဖန်တီးထားသူ ကျောင်းသား/သူတစ်ဦး၏ အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်။

( ခ ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်သည် စက္ကန့် (၃၀) မှ စက္ကန့် (၆၀) အတွင်း ဖြစ်ရမည်။

( ဂ ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်အရှည်အသွေးသည် 1080P (1920 x 1080 pixel) နှင့်အထက်ရှိသော .mp4 သို့မဟုတ် .mov Format အမျိုးအစား ဖြစ်ရမည်။

(ဃ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်တွင် ပြောဆိုသည့် အကြောင်းအရာများအား English ဘာသာဖြင့် ရှင်းလင်းပြတ်သားစွာ စာတမ်းထိုးပေးရမည်။

( င ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်အား ကြိုက်နှစ်သက်ရာ Video Editing Tool ဖြင့် တည်းဖြတ်နိုင်သော်လည်း Watermark မပါရှိစေရ။

( စ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ရှုထောင့်တစ်ခုအပေါ်အခြေခံသည့် အများပြည်သူအတွက် အသိပညာပေးအကြောင်းအရာတစ်ခု ပါဝင်ရမည် ဖြစ်ပါသည်။ အကြောင်းအရာ ရှင်းလင်းပေါ်လွင်မှု၊ တီထွင်ဖန်တီးနိုင်မှုနှင့် ဗီဒီယိုအရည်အသွေးတို့အပေါ် အခြေခံကာ အကဲဖြတ်သွားမည် ဖြစ်သည်။

(ဆ) ပြိုင်ပွဲဝင်ဗီဒီယိုအား ဖန်တီးရာတွင် အခြားသူ၏ မူပိုင်ခွင့်၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု အခွင့်အရေးတို့အား မချိုးဖောက်ရ။ ကိုယ်ပိုင်ဖန်တီးမှု ဖြစ်ရမည်။ (မူပိုင်ခွင့် ဟုဆိုရာတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှု မူပိုင်ခွင့်၊ အခြားသူ/ အခြားသော အဖွဲ့အစည်းများ၏ ကိုယ်ရေးကိုယ်တာ အခွင့်အရေးနှင့် အခြားသောမူပိုင်ခွင့် အမျိုးအစားများ ပါဝင်ပါသည်။)

( ဇ ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်တွင် အကြမ်းဖက်မှုများ၊ ညစ်ညမ်းအသုံးအနှုန်းများ၊ မသင့်လျော်သော အပြုအမူများ၊ အရက်သေစာ သောက်စားခြင်း၊ ဆေးလိပ်သောက်သုံးခြင်း၊ ပြိုင်ပွဲရည်ရွယ်ချက်နှင့်မသက်ဆိုင်သော အကြောင်းအရာများ၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးနှင့် ပုဂ္ဂိုလ်ရေးတို့အား ထိခိုက်စေသည့် အပြုအမူ အပြောအဆိုများ မပါရှိစေရ။

(ဈ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်များအား သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအနေဖြင့် အကျိုးအမြတ်အတွက် မဟုတ်သည့် အသိပညာပေးအစီအစဉ်များတွင် အသုံးချခွင့်ရှိပြီး လူမှုကွန်ရက်များ၊ ဌာနပိုင် Website များနှင့် အခြားမီဒီယာများတွင် လွှင့်တင်ခြင်းနှင့် တစ်ဆင့်ပြန်လည် ဖြန့်ဝေခြင်းတို့ကို သိရှိသဘောတူရပါမည်။

(ည) ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်များအား Email မှတစ်ဆင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်ရမည်။

မှတ်ချက် ။ စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော၊ သတ်မှတ်ချိန်ထက် နောက်ကျ၍ ရောက်ရှိလာသော ဗီဒီယိုဖိုင်များအား အမှတ်ပေးရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြိုင်ပွဲစည်းမျဉ်းအမှတ်ပေးပုံစံ**

၇။ ပြိုင်ပွဲစည်းမျဉ်းအမှတ်ပေးပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အကြောင်းအရာခေါင်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းထိရောက်စွာဖော်ပြနိုင်မှု - ၅၀%

(ခ) တီထွင်ဖန်တီးပုံဖော်နိုင်မှု - ၂၅%

(ဂ) ဗီဒီယိုဖိုင်၏ အရည်အသွေးကောင်းမွန်မှု - ၂၅%

**ပေးပို့ရန်လိပ်စာ**

၈။ ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ဗီဒီယိုဖိုင်ကို **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ** နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖုန်းဖြင့်ဆက်သွယ်၍ လက်ခံရရှိကြောင်း အတည်ပြုချက်ရယူရမည် -

ပေးပို့ယှဉ်ပြိုင်ရမည့်အီးမေးလ် - competitions@ncsc.gov.mm

အတည်ပြုချက်ရယူရမည့်ဖုန်း - ၀၉-၄၂၄၀၀၀၄၇၅

၉။ ပြိုင်ပွဲအကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် - ၀၉-၄၂၄၀၀၀၉၅၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။